# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

## နေပြည်တော်

စာချုပ်အမှတ်၊ (022)(P)/DHPI/MiningSpare/2024-2025

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

**နှင့်**

**Common Purpose Co., Ltd**

**တို့အကြားချုပ်ဆိုသည့်**

**မိုင်းလုပ်ငန်းသုံးစက်ပစ္စည်းများအတွက်**

**စက်အရန်ပစ္စည်းများ (၂၄ မျိုး)**

**ဝယ်ယူခြင်းသဘောတူစာချုပ်**

ရက်စွဲ ၊ ၂၀၂၄ ခုနှစ် ၊ ဇူလိုင် လ ၂၉ ရက်



Scanned with CamScanner

# မာတိကာ


| အပိုဒ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရည်ရွယ်ချက် | ၂ |
| ၂။ | အာမခံခြင်းနှင့်ကိုယ်စားပြုခြင်း | ၂ |
| ၃။ | ပစ္စည်းတန်ဖိုးနှင့်ငွေပေးချေမည့်နည်းလမ်း | ၂ |
| ၄။ | ပစ္စည်းပေးသွင်းရမည့်ကာလနှင့်တည်နေရာ | ၃ |
| ၅။ | ပေးပို့သည့်ပစ္စည်း၏ စံချိန်စံညွှန်းများ | ၃ |
| ၆။ | လုပ်ငန်းအာမခံကြေး | ၃ |
| ၇။ | ပစ္စည်းများအတွက် အာမခံချက် | ၄ |
| ၈။ | ဝယ်ယူသူက ဆောင်ရွက်ရမည့်တာဝန်ဝတ္တရားများ | ၆ |
| ၉။ | ရောင်းချသူက လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ | ၆ |
| ၁၀။ | စမ်းသပ်စစ်ဆေးခြင်း | ၆ |
| ၁၁။ | ပစ္စည်းများပယ်ချခြင်းနှင့် ပြန်လည်အစားထိုးခြင်း | ၇ |
| ၁၂။ | ပေးပို့မှုနှောင့်နှေးခြင်းနှင့် နောက်ကျဒဏ်ကြေး | ၇ |
| ၁၃။ | မလွန်ဆန်နိုင်သောဖြစ်ရပ် | ၈ |
| ၁၄။ | လွှဲပြောင်းခြင်း | ၈ |
| ၁၅။ | သဘောတူစာချုပ်အား ပြန်လည်စေ့စပ်ညှိနှိုင်းခြင်း | ၉ |
| ၁၆။ | သဘောတူစာချုပ်အား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း | ၉ |
| ၁၇။ | သဘောတူစာချုပ်ရပ်စဲခြင်း | ၉ |
| ၁၈။ | ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း | ၉ |
| ၁၉။ | အခွန်အခပေးဆောင်ခြင်း | ၁၀ |
| ၂၀။ | အငြင်းပွားမှုဖြေရှင်းခြင်း | ၁၀ |
| ၂၁။ | စာချုပ်အကျိုးသက်ရောက်ခြင်း | ၁၀ |
| ၂၂။ | စာချုပ်သက်တမ်းနှင့် သက်တမ်းတိုးမြှင့်ခြင်း | ၁၀ |
| ၂၃။ | ဆက်သွယ်ရန်လိပ်စာများ | ၁၁ |
| ၂၄။ | နောက်ဆက်တွဲများ | ၁၁ |
| ၂၅။ | သဘောတူစာချုပ်ချုပ်ဆိုခြင်း | ၁၂ |




Scanned with CamScanner

ကန့်သတ်

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်
အထူးကပ်တံဆိပ်ခေါင်း
SPECIAL ADHESIVE
၅၀၀၀၀ကျပ် K 50000

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်
အထူးကပ်တံဆိပ်ခေါင်း
SPECIAL ADHESIVE
၅၀၀၀၀ကျပ် K 50000

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့်

Common Purpose Co., Ltd

တို့အကြားချုပ်ဆိုသော

မိုင်းလုပ်ငန်းသုံး စက်အရန်ပစ္စည်းများ (၂၄ မျိုး) ဝယ်ယူခြင်းသဘောတူစာချုပ်

သဘောတူစာချုပ်အမှတ်၊ (022)(P)/DHPI/MiningSpare/2024-2025

ဤသဘောတူစာချုပ်ကို ၂၀၂၄ ခုနှစ် ၊ ဇူလိုင်လ ( ၂၉ )ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၊ နေပြည်တော်၌ ဦးဟိန်းထက် ၊ ညွှန်ကြားရေးမှူးချုပ် ကိုယ်စားပြုသော ရုံးအမှတ်(၂၇) တွင်တည်ရှိ သည့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန (နောင်တွင် **"ဝယ်ယူသူ"** ဟု ခေါ်ဆိုမည်ဖြစ်ပြီး အဆိုပါစကားရပ်၌ ယင်းအားဆက်ခံသူများ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်) ကတစ်ဖက်

နှင့်

တင်ဒါအောင်မြင်ခဲ့သည့် ဒေါ်မာလာဝင်း ၊ နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ၁၂/သဃက(နိုင်) ၀၄၂၅၃၈ ၊ ဒါရိုက်တာကိုယ်စားပြုသော မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ တရားဝင်ဖွဲ့စည်းထား သော No.152, Min Gyi Mahar Min Kaung Street, Industrial Zone(4), Hlaing Thar Yar Township, Yangon တွင်တည်ရှိသည့် Common Purpose Co., Ltd (နောင်တွင် **"ရောင်းချသူ"** ဟု ခေါ်ဆိုမည်ဖြစ်ပြီး အဆိုပါစကားရပ်၌ ယင်းအား ဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများပါဝင်သည်) က အခြားတစ်ဖက်တို့သည် အောက်ပါပစ္စည်းများကို ဝယ်ယူရန် နှစ်ဖက်သဘောတူချုပ်ဆိုကြပါသည်-

**ဝယ်ယူမည့်ပစ္စည်း - မိုင်းလုပ်ငန်းသုံး စက်အရန်ပစ္စည်းများ (၂၄ မျိုး)** (နောင်တွင် **"ပစ္စည်းများ"** ဟု ခေါ်ဆို မည်ဖြစ်သည်) ကိုရောင်းချသူမှဝယ်ယူသူထံသို့ ဖော်ပြပါစည်းကမ်းချက်များ အတိုင်း သက်ဆိုင်ရာပင်မသိုလှောင်ရုံအတွင်းသို့အရောက် ပေးပို့သွားရန် သဘောတူကြပါသည်။

ကန့်သတ်

**၁။ ရည်ရွယ်ချက်**

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ရေအားလျှပ်စစ်စီမံကိန်းများ၏ တည်ဆောက်ရေးလုပ်ငန်းများရှိ မိုင်းလုပ်ငန်းသုံးစက်ပစ္စည်းများတွင် အသုံးပြုရန်လိုအပ်သော စက်အရန်ပစ္စည်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပေးသွင်းနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူပြီး တင်ဒါအောင်မြင်ခဲ့သည့် Common Purpose Co., Ltd နှင့် ယခုသဘောတူစာချုပ်အား ချုပ်ဆို၍ ပစ္စည်းပေးသွင်းစေခြင်းဖြင့် ရေအားလျှပ်စစ်စီမံကိန်းများ၏ တည်ဆောက်ရေးလုပ်ငန်းများ ပုံမှန်အခြေအနေအတိုင်း လည်ပတ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

**၂။ အာမခံခြင်းနှင့်ကိုယ်စားပြုခြင်း**

ဝယ်ယူသူသည် ဥပဒေအရ သဘောတူစာချုပ်ပါလုပ်ငန်းကို တရားဝင်ပိုင်ဆိုင်လုပ်ပိုင်ခွင့်ရှိသူဖြစ်၍ ရောင်းချသူသည် သဘောတူစာချုပ်ပါလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ငွေကြေးအင်အားပြည့်စုံသူဖြစ်ပြီး ဝယ်ယူသူနှင့် ရောင်းချသူတို့သည် သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခွင့် အခွင့်အာဏာရှိသူများဖြစ်ကြောင်း အသီးသီးအာမခံကြပါသည်။

**၃။ ပစ္စည်းတန်ဖိုးနှင့် ငွေပေးချေမည့်နည်းလမ်း**

(က) ပစ္စည်းတန်ဖိုး

(၁) ဝယ်ယူမည့်ပစ္စည်းများ၏ စုစုပေါင်းပစ္စည်းတန်ဖိုး (သဘောတူစာချုပ်တန်ဖိုး) သည် ကျပ် ၆၅,၂၉၀,၀၀၀/- (ကျပ် ခြောက်ဆယ့်ငါးသန်း နှစ်သိန်းကိုးသောင်း တိတိ) ဖြစ်သည်။

(၂) ပစ္စည်းတစ်မျိုးချင်းစီ၏ အရေအတွက်၊ တစ်ခုချင်းတန်ဖိုး၊ စုစုပေါင်းတန်ဖိုး တို့သည် နောက်ဆက်တွဲ(က)ပါအတိုင်းဖြစ်သည်။

(ခ) ငွေပေးချေမည့်နည်းလမ်း

(၁) ပေးသွင်းသည့်ပစ္စည်းများအလိုက် တစ်လလျှင်တစ်ကြိမ်သော်လည်ကောင်း ၊ လုပ်ငန်းပြီးစီးမှုပမာဏအလိုက်သော်လည်ကောင်း ငွေတောင်းခံနိုင်သည်။

(၂) တင်ပြလာသောလုပ်ငန်းပြီးစီးမှုပမာဏအား သဘောတူစာချုပ်၏ အပိုဒ်(၁၀) ပါအတိုင်း စစ်ဆေးထားသည့်ရလဒ်များအပေါ်မူတည်၍ စိစစ်ထောက်ခံထားသည့် ထောက်ခံချက် (Certificate)ကို ဝယ်ယူသူမှထုတ်ပေးမည်ဖြစ်ပြီး ၎င်းထောက်ခံချက်ဖြင့် ငွေထုတ်ပေးနိုင်ရန် ဆက်လက်တင်ပြတောင်းခံ၍ ငွေပေးချေသွားမည်ဖြစ်သည်။

ကန့်သတ်

(၃) ပစ္စည်းပေးသွင်းဆောင်ရွက်ရမည့်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက လုပ်ငန်းပြီးစီးကြောင်းကို ရောင်းချသူမှ တင်ပြအကြောင်းကြားရမည်ဖြစ်သည်။

(၄) ရောင်းချသူဘက်မှ ပေးသွင်းသည့်ပစ္စည်းများအလိုက် ငွေတောင်းခံလွှာကို သက်ဆိုင်ရာ အထောက်အထားများ ၊ အပိုဒ်(၁၀)ပါ စစ်ဆေးမှုအထောက်အထားစာရွက်များနှင့်အတူ တင်ပြရပါမည်။ ဝယ်ယူသူမှပြီးပြည့်စုံသော ငွေတောင်းခံလွှာရရှိပါက ငွေပေးချေခွင့်ကို သက်ဆိုင်ရာဌာနများသို့ ပေးပို့တင်ပြသွားမည်ဖြစ်ပြီး ခွင့်ပြုချက်(Drawing Limit)ရရှိပါက မြန်မာ့စီးပွားရေးဘဏ်မှတဆင့် ရောင်းချသူထံသို့ ချက်လက်မှတ်ဖြင့် ထုတ်ပေးမည်ဖြစ်သည်။

**၄။ ပစ္စည်းပေးသွင်းရမည့် ကာလနှင့်တည်နေရာ**

ပစ္စည်းများကို သဘောတူစာချုပ်ချုပ်ဆိုသည့် (၂၉. ၇ .၂၀၂၄) ရက်မှစတင်၍ (၆)လအတွင်း နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ၊ ပေါင်းလောင်းအခြေစိုက်ဝန်းအတွင်းရှိ ပစ္စည်းဖြည့်တင်းရေးဌာနခွဲ ၊ ပင်မသိုလှောင်ရုံအတွင်းသို့ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသည့်အတိုင်း ပေးသွင်းရမည်ဖြစ်သည်။

**၅။ ပေးပို့သည့်ပစ္စည်း၏ စံချိန်စံညွှန်းများ**

ရောင်းချသူသည် ပစ္စည်းများပေးသွင်းရာတွင် သဘောတူစာချုပ်၏နောက်ဆက်တွဲ(ခ)၌ ဖော်ပြထားသည့် နည်းပညာဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက်နှင့် စည်းကမ်းများအတိုင်း ပေးသွင်းရမည်ဖြစ်သည်။ ပစ္စည်းများ၏အရည်အသွေးသည်ထုတ်လုပ်မှုဆိုင်ရာ ပုံမှန်စံချိန်စံနှုန်းအရည်အသွေးနှင့် ကိုက်ညီရမည်ဖြစ်ပြီး တိုးတက်ပြောင်းလဲလာသည့် ထုတ်လုပ်မှုဆိုင်ရာ နောက်ဆုံးပေါ်နည်းပညာများနှင့်လည်း ကိုက်ညီမှုရှိစေရမည်။

**၆။ လုပ်ငန်းအာမခံကြေး**

(က) ဤသဘောတူစာချုပ်အား လက်မှတ်မရေးထိုးမီ ရောင်းချသူသည် လုပ်ငန်းအာမခံကြေးအဖြစ် သဘောတူစာချုပ်တန်ဖိုး၏ (၁၀)ရာခိုင်နှုန်းဖြစ်သော ကျပ် ၆,၅၂၈,၀၀၀/- (ကျပ်ခြောက်ဆယ့်ငါးသိန်း နှစ်သောင်းကိုးထောင် တိတိ) ကို ပြန်လည်ရုတ်သိမ်း၍ မရသော၊ ပြီးပြည့်စုံသော Guarantee Letter No. ......၀၄၀၀၀၇၅၄...... ............ ဖြင့် ( ၂၅ . ၇ .၂၀၂၄) ရက်တွင် ဝယ်ယူသူထံသို့တင်ပြထားပြီးဖြစ်ပါသည်။



Scanned with CamScanner

(ခ) လုပ်ငန်းအာမခံကြေးသက်တမ်းသည် အနည်းဆုံး (၁)နှစ် ရှိရမည်ဖြစ်ပြီး လိုအပ်ပါက သက်တမ်းမကျော်လွန်မီ သက်တမ်းတိုးပေးရမည်ဖြစ်သည်။ သဘောတူစာချုပ် ကာလ တိုးမြှင့်ပါက လုပ်ငန်းအာမခံကြေးသက်တမ်းကိုလည်း သက်မှတ်ကာလ ရောက်ရှိစေရန် တိုးမြှင့်ပေးရမည်ဖြစ်သည်။

(ဂ) လုပ်ငန်းဆောင်ရွက်နေသည့် ကာလအတွင်း လုပ်ငန်းအားလုံး ဆောင်ရွက်နိုင်ခြင်းမရှိလျှင်လည်းကောင်း၊ ရောင်းချသူ၏ပျက်ကွက်မှုကြောင့် သဘောတူစာချုပ်ရပ်စဲရသည့် အခြေအနေပေါ်ပေါက်လျှင်လည်းကောင်း လုပ်ငန်းဆောင်ရွက်မှု အာမခံကြေး စဘော်ငွေကို သိမ်းဆည်းခြင်းခံရမည့်အပြင် Black List စာရင်းသွင်းခြင်းခံရမည်။

(ဃ) သတ်မှတ်နေရာသို့ ပစ္စည်းများရောက်ရှိပြီး လိုအပ်သည့်စံချိန်စံညွှန်းများနှင့် ပြည့်စုံကြောင်း အပိုဒ်(၁၀)ပါအတိုင်း စစ်ဆေးထားသည့် ရလဒ်များနှင့် အပိုဒ်။၇(က) တွင် ဖော်ပြထားသည့် ပစ္စည်းများအတွက် အာမခံကာလပြည့်မြောက်ပြီးသည်တို့အပေါ် မူတည်ပြီး Good Acceptance Certificate ကို ထုတ်ပေးမည်ဖြစ်သည်။ လုပ်ငန်းအာမခံကြေး (Performance Bank Guarantee) ကို သဘောတူစာချုပ်ပါလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီး၍ Good Acceptance Certificate လက်မှတ်ရရှိပြီးနောက်ရောင်းချသူမှ ပြန်လည်ထုတ်ယူခွင့်ပြုပါရန် တင်ပြလာသည့်အခါ (၁)ပတ်အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။

၇။ **ပစ္စည်းများအတွက် အာမခံချက်**

(က) စက်အရန်ပစ္စည်းများသည် (Consumable) အမျိုးအစားများဖြစ်သည့်အပြင် ပစ္စည်းများရောက်ရှိ၍ စက်ပစ္စည်းများတွင် လဲလှယ်တပ်ဆင်အသုံးပြုသည့်အချိန်တွင် ပစ္စည်းမှန်ကန်မှု ရှိ/မရှိ နှင့် အရည်အသွေးကောင်းမွန်မှု ရှိ/မရှိ တို့ကို သိရှိနိုင်သည့်အတွက် ပစ္စည်းလက်ခံရရှိသည့်နေ့ရက်မှ (၃) လအထိ အာမခံမှုရှိရမည်။

(ခ) ရောင်းချသူသည် ၎င်းပေးသွင်းမည့်ပစ္စည်းများ၏ သစ်လွင်မှု၊ ပထမတန်းအရည်အသွေးရှိမှု၊ ကျွမ်းကျင်စွာပြုလုပ်ထားမှု၊ ပါဝင်ရမည့်ပစ္စည်းများ မှန်ကန်ပြည့်စုံမှုများအား အာမခံရမည်။ ထို့ပြင် သတ်မှတ်ထားသော အရည်အသွေးစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန် ၊ ပစ္စည်းများ၏ အရည်အသွေး၊ ပမာဏ၊ ပါဝင်ပစ္စည်းတို့တွင် ချို့ယွင်းလွဲချော်ချက်များ၊ အပြစ်အနာ အဆာများ မရှိစေရန်အာမခံရမည်။ ဝယ်ယူသူမှ သတ်မှတ်ပြဋ္ဌာန်းထားသော အချက်အလက်များပေါ်တွင် မှန်ကန်မှုရှိပါကြောင်း ရောင်းချသူမှ အာမခံ

ပေးရမည်။ ပြစ်ချက်၊ မကိုက်ညီမှု ၊ ဒီဇိုင်းဆိုင်ရာမပြည့်စုံမှု ၊ အမှားအယွင်းများ တွေ့ရှိပါက ဝယ်ယူသူမှ ရောင်းချသူထံသို့ အမြန်ဆုံးသတိပေး အကြောင်းကြားရမည်။

(ဂ) ပေးပို့လာသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် အရည်အသွေး၊ အရေအတွက် ကိုက်ညီပြည့်စုံခြင်း ရှိ/မရှိ စိစစ်ပြီး ရောက်ရှိလာသည့်ပစ္စည်းများကို ဖွင့်ဖောက်စစ်ဆေးရာတွင် အပြစ်အနာအဆာရှိမှုများတွေ့ရှိပါက အစားထိုးလဲလှယ်စေခြင်း၊ ပြင်ဆင်စေခြင်းများပြုလုပ်ပြီးမှ အပြီးသတ်လက်ခံရမည်။

(ဃ) အပိုဒ်၇(က)တွင် ဖော်ပြထားသည့်အာမခံသက်တမ်းအတွင်း ရောင်းချသူမှ တင်သွင်းသည့် ပစ္စည်းများသည် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် မကိုက်ညီကြောင်း တွေ့ရှိပါက ဝယ်ယူသူသည် ရောင်းချသူထံသို့ စာဖြင့်အသိပေးအကြောင်းကြားသည့်အခါ အကြောင်းကြားစာလက်ခံရရှိပြီး ရက်(၃၀)အတွင်း ရောင်းချသူက ပစ္စည်းများ ပြန်လည်လဲလှယ်ပေးရေးတို့ကို ဝယ်ယူသူထံမှ ကုန်ကျစရိတ်မယူဘဲ ဝယ်ယူသူ သတ်မှတ်ထားသည့်နေရာသို့ ပြင်ဆင်ခြင်း၊ ပို့ဆောင်ခြင်းကို အပြီးဆောင်ရွက်ပေးရမည်။

(င) ပြင်ဆင်ခြင်း၊ ပြန်လည်အစားထိုးခြင်းကိစ္စရပ်တွင် စနစ်တကျ စမ်းသပ်ခြင်းတို့သည် ဝယ်ယူသူ၏ တောင်းဆိုချက်အတိုင်းသာဖြစ်ပြီး ထိုပြင်ဆင်ခြင်း၊ ပြန်လည်အစားထိုးခြင်းတို့အတွက် အမှန်တစ်ကယ်ကုန်ကျငွေကို ရောင်းချသူမှ ကျခံရမည်။

(စ) ပစ္စည်းများကို နောက်ဆုံးလက်ခံပြီး အာမခံကာလအတွင်း ပစ္စည်းများ၏ မမြင်နိုင်သော၊ ငုတ်လျှိုးနေသော ၊ အတွင်းပိုင်းအပြစ်အနာအဆာများအတွက် ပြန်လည်အစားထိုးပေးရန် (သို့မဟုတ်) ပြင်ဆင်ပေးရန်မှာ ရောင်းချသူဘက်မှ တာဝန်ယူရမည်ဖြစ်ပြီး ဥပဒေအရလည်း တာဝန်ရှိသည်။

(ဆ) အကယ်၍ သတိပေးချက် ထုတ်ပြန်ပြီးသော်လည်း အထက်တွင် သတ်မှတ်ဖော်ပြထားသည့် ပြန်လည်လဲလှယ်အစားထိုးခြင်းတို့ကို ပြုလုပ်ပေးရန် ရောင်းချသူဘက်မှ ပျက်ကွက်မှုများဖြစ်ပေါ်လာပါက ရောင်းချသူသို့ ပေးချေရမည့်ငွေမှ နှုတ်ယူခြင်း (သို့မဟုတ်) ရောင်းချသူမှဘဏ်တွင် ထားရှိထားသည့် လုပ်ငန်းဆောင်ရွက်မှုအာမခံကြေးမှ နှုတ်ယူခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ဇ) ရောင်းချသူမှ ကိုယ်တိုင်ထုတ်လုပ်ရောင်းချခြင်းမပြုနိုင်သည့် အစိတ်အပိုင်းအသီးသီးတို့အတွက် ရောင်းချသူသည် မူလဝယ်ယူသူအဖြစ်ရှိနိုင်မည့် အာမခံနှင့်အကျိုးကျေးဇူးတို့ကို ဝယ်ယူသူမှလည်း ခံစားနိုင်သည်။



Scanned with CamScanner

၈။ **ဝယ်ယူသူက ဆောင်ရွက်ရမည့်တာဝန်ဝတ္တရားများ**

(က) စက်အရန်ပစ္စည်းများ ဝယ်ယူနိုင်ရေး ၊ ထုတ်ယူရရှိနိုင်ရေးနှင့် သယ်ယူပို့ဆောင်ရာတွင် အခက်အခဲများရှိ၍ ရောင်းချသူကတင်ပြလာပါက သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့ ထောက်ခံချက်စာထုတ်ပေးရေး ဆောင်ရွက်ပေးရမည်။

(ခ) ရောင်းချသူ၏ရှေ့မှောက်တွင် ဝန်ကြီးဌာန ၊ ပစ္စည်းစစ်ဆေးရေးအဖွဲ့မှ ပစ္စည်းများ၏ အရေအတွက် ၊ စံချိန်စံညွှန်းနှင့်ကိုက်ညီမှုရှိ/မရှိစစ်ဆေးပြီး ကိုက်ညီမှသာ ပစ္စည်းများ ပေးပို့ရမည့်နေရာသို့ ရောက်ရှိသည့်ရက်ကို ပစ္စည်းလက်ခံရရှိသည့်ရက်ဟု သတ်မှတ်မည်။

၉။ **ရောင်းချသူက လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ**

(က) ယခုနှစ်ဘတ်ဂျက်တွင် တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိပါက မလွန်ဆန်နိုင်သောဖြစ်ရပ် (Force Majeure) မှလွဲ၍ ငွေကြေးကိစ္စရပ်များအပါအဝင် မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းကို သိရှိပါသည်။

**(ခ)** **အပိုဒ်-၇ ပစ္စည်းများ အတွက်အာမခံချက်** တွင်ဖော်ပြထားသည့် ပစ္စည်းအာမခံသက်တမ်းကာလအတွင်း ထုတ်လုပ်မှု(သို့မဟုတ်) ပုံစံမှားယွင်းမှုကြောင့် ကြီးမားသောပြင်ဆင်မှုများ ဆောင်ရွက်ရန်အခြေအနေ ဖြစ်ပေါ်ခဲ့လျှင် ရောင်းချသူသည် လိုအပ်သောပြင်ဆင်မှုများ၊ လုပ်သားစရိတ်များ၊ ကြီးကြပ်မှုစရိတ်များနှင့် အခြားသောကုန်ကျစရိတ်များကို ကျခံပေးရမည်ဖြစ်သည်။

၁၀။ **စမ်းသပ်စစ်ဆေးခြင်း**

(က) သဘောတူစာချုပ်အရ ရောင်းချသူမှ သက်ဆိုင်ရာသိုလှောင်ရုံသို့ ပစ္စည်းများပေးပို့နေစဉ်အတွင်း ဝယ်ယူသူ သို့မဟုတ် ၎င်း၏အခွင့်အာဏာအပ်နှင်းထားသော အင်ဂျင်နီယာမှပေးသွင်းသည့်ပစ္စည်းများကို စစ်ဆေးခြင်းနှင့် စမ်းသပ်ခြင်းပြုလုပ်နိုင်ပြီး အပြစ်အနာအဆာရှိသည့်ပစ္စည်းများကို ပယ်ချခွင့်ရှိသည်။

(ခ) ဝယ်ယူသူ(သို့မဟုတ်)၎င်း၏ အခွင့်အာဏာအပ်နှင်းထားသော အင်ဂျင်နီယာသည် ပေးသွင်းမည့်ပစ္စည်းများကို စမ်းသပ်စစ်ဆေးရန် လိုအပ်ပါက သီးခြားလွတ်လပ်သော စမ်းသပ် စစ်ဆေးသူများကို တာဝန်ပေးအပ်နိုင်သည်။

(ဂ) ရောင်းချသူမှ ပေးသွင်းသည့်ပစ္စည်းများသည် သဘောတူစာချုပ်ပါအတိုင်း အရေအတွက်ကိုက်ညီမှုရှိ/မရှိ ၊ အရည်အသွေးကောင်းမွန်မှုရှိ/မရှိတို့ကို လျှပ်စစ်စွမ်းအား



Scanned with CamScanner

ဝန်ကြီးဌာန ၊ ပစ္စည်းအရည်အသွေးနှင့် ကုန်ပို့စနစ်စစ်ဆေးရေးကော်မတီအဖွဲ့မှ ထပ်မံစစ်ဆေးမှုကို ရောင်းချသူမှ လက်ခံဆောင်ရွက်ပေးရမည်ဖြစ်သည်။

**၁၁။ ပစ္စည်းများပယ်ချခြင်းနှင့် ပြန်လည်အစားထိုးခြင်း**

(က) ရောင်းချသူမှ ပေးသွင်းသည့်ပစ္စည်းများကိုစစ်ဆေးရာတွင် သဘောတူစာချုပ်တွင် သတ်မှတ်ထား သော စံချိန်စံညွှန်းအချက်အလက်များနှင့်မကိုက်ညီပါက (သို့မဟုတ်) အပြစ်အနာ အဆာတွေ့ရှိပါက ပယ်ချခံရမည်။ ပစ္စည်းများပယ်ချခံရခြင်းနှင့်ပတ်သက်၍ အသိပေးစာထုတ်ပြန်ပြီးသည်နှင့်တစ်ပြိုင်နက် ရောင်းချသူမှစရိတ်အကုန်အကျခံကာ အစား ထိုးပေးခြင်းကို ပြုလုပ်ပေးရမည်။

(ခ) ထိုကဲ့သို့သော ပစ္စည်းများအား ပြန်လည်အစားထိုးပေးရာတွင် ရောင်းချသူသည် မူလသဘောတူစာချုပ်ပါအချက်အလက်များအားလုံးနှင့် ကိုက်ညီသည့်ပစ္စည်းအသစ်များဖြင့် အစားထိုးပေးရမည်ဖြစ်ပြီး ထို့အတွက်ကုန်ကျစရိတ်အားလုံးကို ရောင်းချသူဘက်မှကျခံရမည်။

(ဂ) သတ်မှတ်စံချိန်စံညွှန်းများနှင့် မကိုက်ညီ၍ ပယ်ချလိုက်သော ပစ္စည်းများအတွက် အစားထိုးပေးပို့သော ကုန်ပစ္စည်းများ စစ်ဆေးခြင်းကို ထိုပစ္စည်းများ ဝယ်ယူသူ၏ သတ်မှတ်နေရာသို့ ရောက်ရှိပြီး နောက်ရက်(၃၀)အတွင်းမှာ ပြုလုပ်ပေးရမည်။

**၁၂။ ပေးပို့မှုနှောင့်နှေးခြင်းနှင့် နောက်ကျဒဏ်ကြေး**

(က) မလွန်ဆန်နိုင်သော ဖြစ်ရပ်များဖြစ်ပေါ်သည့် အခြေအနေမှလွဲ၍ မည်သည့်အခြေအနေတွင်မဆို ရောင်းချသူသည် သဘောတူစာချုပ်ပါအချက်အလက်အတိုင်း ပစ္စည်းများကို သတ်မှတ်ကာလအတွင်း မပေးပို့နိုင်ပါက (၁)ရက်လျှင် ပေးပို့နိုင်ခြင်းမပြုနိုင်သည့် ကုန်ပစ္စည်းပမာဏစုစုပေါင်း တန်ဖိုး၏ (၀.၀၁) ရာခိုင်နှုန်းကို ကျော်လွန်သည့်နေ့မှစ၍ ရောင်းချသူက နောက်ကျဒဏ်ကြေး ပေးဆောင်ရမည်။

(ခ) ပေးပို့မှုနှောင့်နှေးခြင်းကို သဘောတူစာချုပ်အရ ပစ္စည်းများနောက်ဆုံးပေးသွင်းရမည့် ရက်နောက် ရက်ပေါင်း(၆၀)အထိသာခွင့်ပြုမည်ဖြစ်ပြီး အဆိုပါကာလထက်ကျော်လွန်ပါက ဝယ်ယူသူအနေဖြင့် သဘောတူစာချုပ်ရပ်စဲခြင်းကို ဆောင်ရွက်နိုင်သည်။ သဘောတူစာချုပ်ရပ်စဲရခြင်းသည် ရောင်းချသူ၏ ပျက်ကွက်မှုကြောင့်ဖြစ်ပါက **အပိုဒ်(၆)(ဂ)** ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



Scanned with CamScanner

(ဂ) ပစ္စည်းများ သယ်ဆောင်ပေးပို့ရန် နောက်ကျခြင်းသည် မလွန်ဆန်နိုင်သောဖြစ်ရပ်ကြောင့်သာဖြစ်ပါက ရောင်းချသူသည် နောက်ကျခြင်းအတွက် အလုံးစုံတာဝန်ယူခြင်းမှ သက်သာခွင့်ပြုနိုင်သည်။

၁၃။ မလွန်ဆန်နိုင်သောဖြစ်ရပ်

(က) မလွန်ဆန်နိုင်သောဖြစ်ရပ်များဆိုသည်မှာ သဘာဝအလျောက် ကြုံတွေ့နိုင်သည့် ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး ၊ ကပ်ရောဂါဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုပျယ်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် သဘောတူစာချုပ်ဝင်တစ်ဖက်ဖက်ကလိုအပ်သော သတိဝီရိယနှင့် ဆောင်ရွက်စေကာမူမလွန်ဆန်မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များဖြစ်ပြီး ယင်းမလွန်ဆန်နိုင်သောဖြစ်ရပ်များကြောင့် လုပ်ငန်းဆောင်ရွက်မှုကို ထိခိုက်ဆုံးရှုံးစေလျှင် သဘောတူစာချုပ်ဝင်များနှစ်ဖက်လုံးတွင် တာဝန်မရှိစေရ။

(ခ) ထိုသို့ မလွန်ဆန်နိုင်သော ဖြစ်ရပ်ပေါ်ပေါက်လာပါက ရောင်းချသူသည် ယင်းဖြစ်ရပ်ပေါ်ပေါက်လာသည့်အချိန်မှ (၁၄)ရက်အတွင်း ဝယ်ယူသူသို့ ချက်ချင်းစာဖြင့် ရေးသားအကြောင်းကြားရမည်။ ဝယ်ယူသူက လက်ခံအတည်ပြုလျှင် မလွန်ဆန်နိုင်သောဖြစ်ရပ်မြောက်ပြီး ပစ္စည်းပေးသွင်းမှု နှင့်တိုက်ရိုက်သက်ဆိုင်သော ဖြတ်တောက်ကာလအပိုင်းအခြားအတွက် သက်သာခွင့်ပြုရန် ဝန်ကြီးဌာန ၊ အမှုဆောင်ကော်မတီ၏ ခွင့်ပြုချက်ရရှိလျှင် ပစ္စည်းပေးသွင်းရန်ကာလကို နှစ်ဖက်သဘောတူညီချက်ဖြင့် သက်တမ်းတိုးသတ်မှတ်နိုင်သည်။

၁၄။ လွှဲပြောင်းခြင်း

ရောင်းချသူသည် ဤနှစ်ဦးသဘောတူလက်မှတ် ရေးထိုးချုပ်ဆိုထားသော သဘောတူစာချုပ်ကို လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ လုပ်ငန်းခွဲဝေပေးခြင်း၊ ထပ်ဆင့်လွှဲပြောင်းခြင်း မပြုလုပ်ရ (သို့မဟုတ်) ဝယ်ယူသူ၏ သဘောတူညီမှုမပါဘဲ တတိယအဖွဲ့အစည်းတစ်ခုခုသို့ သဘောတူစာချုပ်အား ပေးအပ်ခြင်း (သို့မဟုတ်) မည်သို့သောအစိတ်အပိုင်းကိုမျှ ပေးအပ်ခြင်းမပြုရ။ ထိုသို့ပြုလုပ်သောအခြေအနေတွင်ဝယ်ယူသူသည် သဘောတူစာချုပ်ကို ချက်ခြင်းရပ်စဲနိုင်ပြီး သဘောတူစာချုပ်ရပ်စဲခြင်းအတွက် ဖြစ်ပေါ်လာသောဆုံးရှုံးနစ်နာမှုများကို ရောင်းချသူမှပေးထားသော လုပ်ငန်းဆောင်ရွက်မှုအာမခံကြေးမှ နုတ်ယူနိုင်သည်။

29 JUL 2024

**၁၅။ သဘောတူစာချုပ်အား ပြန်လည်စေ့စပ်ညှိနှိုင်းခြင်း**

ဤသဘောတူစာချုပ်တွင်ပါရှိသည့် စည်းကမ်းချက်များသည် လုပ်ငန်းများအမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ ကြိုတင်မမျှော်မှန်းနိုင်သည့် အခြေအနေတစ်ရပ်ရပ် ကြောင့် လုပ်ငန်းများဆက်လက်ဆောင်ရွက်ရန်မဖြစ်နိုင်လျှင် သဘောတူစာချုပ်ဝင်များသည် နှစ်ဦးနှစ်ဖက်စေ့စပ်ညှိနှိုင်းပြီး သဘောတူစာချုပ်ပါစည်းကမ်းချက်များကို ပြန်လည်စေ့စပ်ညှိနှိုင်း ဆောင်ရွက်ရမည်။

**၁၆။ သဘောတူစာချုပ်အား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း**

ဤသဘောတူစာချုပ်ကိုသဘောတူစာချုပ်ဝင်နှစ်ဦးနှစ်ဖက်သဘောတူညီမှုမရှိဘဲပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းလုံးဝမပြုလုပ်ရ။ ဤသဘောတူစာချုပ်တွင် လုပ်ငန်းလိုအပ်ချက်အရ ပေါ်ပေါက်လာသော အချက်အလက် (သို့မဟုတ်) အခြေအနေတစ်ရပ်ရပ်အရ သဘောတူစာချုပ်ကို ပြင်ဆင်ရန် လိုအပ်ပါက နှစ်ဦးနှစ်ဖက်စာဖြင့် သဘောတူညီချက်ဖြင့် ဤသဘောတူစာချုပ်ကို ပြင်ဆင်နိုင်သည်။

**၁၇။ သဘောတူစာချုပ်ရုပ်သိမ်းခြင်း**

နှစ်ဖက်သဘောတူစာချုပ်ဝင်များသည် အောက်ဖော်ပြပါ အကြောင်းအရာတစ်ရပ်ရပ် ဖြစ်ပေါ်လာပါက သဘောတူစာချုပ်အား ရုပ်သိမ်းနိုင်သည်-

(က) သဘောတူစာချုပ်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို သဘောတူစာချုပ်ဝင်တစ်ဖက်ဖက်က ဆောင်ရွက်ရန်ပျက်ကွက်ခြင်း၊

(ခ) မလွန်ဆန်နိုင်သောဖြစ်ရပ်တစ်ခုခုသည် ဖြစ်ပွားသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြန်လည်ကုစားနိုင်မှုမရှိခြင်း၊

(ဂ) သဘောတူစာချုပ်ပါ မူလရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်နိုင်စွမ်း မရှိတော့ခြင်း၊

(ဃ) ရောင်းချသူမှ လူမွဲအဖြစ်ခံယူခြင်း ၊

(င) သဘောတူစာချုပ်သက်တမ်းကုန်ဆုံးခြင်း။

**၁၈။ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း**

ရောင်းချသူအနေဖြင့် ပေးသွင်းရမည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက် ပျက်စီးဆုံးရှုံးမှု ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်ဘေး



Scanned with CamScanner

အန္တရာယ်ကင်းရှင်းစေရေးဆိုင်ရာ လိုအပ်သောအကာအကွယ် အစီအစဉ်စသည်တို့ကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**၁၉။ အခွန်အခပေးဆောင်ခြင်း**

ရောင်းချသူသည် ပင်ရင်းမှ နှုတ်ယူပေးသွင်းငွေ (Withholding Tax) အဖြစ် သဘောတူစာချုပ်တန်ဘိုး၏ ၂% ကို ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရမည်။ ကုန်သွယ်လုပ်ငန်းခွန်အဖြစ် ပစ္စည်းတန်ဘိုး ၏ ၅% ကို ရောင်းချသူ၏အစီအစဉ်ဖြင့် ပေးသွင်းရမည်။ လုပ်ငန်းအတွက် ငွေထုတ်ချိန်တွင် ကုန်သွယ်လုပ်ငန်းခွန်အဖြစ် ပစ္စည်းတန်ဘိုး၏ ၅% အားပေးသွင်းထားကြောင်း အထောက်အထားတင်ပြမှသာ ပေးချေမည်။

**၂၀။ အငြင်းပွားမှုဖြေရှင်းခြင်း**

ဤသဘောတူစာချုပ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက နှစ်ဦးနှစ်ဖက် ပြေလည်စွာ ညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ဖြေရှင်းမရပါက ဥပဒေနှင့်အညီ စီရင်ပိုင်ခွင့်ရှိသော သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ကို ခံယူရမည်။

**၂၁။ စာချုပ်အကျိုးသက်ရောက်ခြင်း**

ဤသဘောတူစာချုပ်သည် နှစ်ဦးနှစ်ဖက်သဘောတူလက်မှတ်ရေးထိုးသော(၂၉ . ၇ .၂၀၂၄) နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

**၂၂။ စာချုပ်သက်တမ်းနှင့် သက်တမ်းတိုးမြှင့်ခြင်း**

(က) စာချုပ်သက်တမ်းမှာ သဘောတူစာချုပ်စတင်အကျိုးသက်ရောက်သည့် (၂၉ . ၇ .၂၀၂၄) ရက်မှ အပိုဒ်၇(က)တွင်ဖော်ပြထားသော ပစ္စည်းများအာမခံကာလအပါအဝင် ( ၂၈ . ၄ . ၂၀၂၅ ) ရက်အထိ ဖြစ်သည်။

(ခ) သဘောတူစာချုပ်သက်တမ်းတိုးခြင်းကို ရောင်းချသူ၏ ချို့ယွင်းအားနည်း ပျက်ကွက်မှုကြောင့် မဟုတ်သော နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်လာခြင်း ၊ ပေါ်ပေါက်လာခြင်း ၊ အဆိုပါကိစ္စရပ်များမှာ ရောင်းချသူဘက်မှ လုံ့လဝီရိယထားဆောင်ရွက်၍ မရနိုင်သည့်ကိစ္စဖြစ်နေခြင်းတို့အပေါ်တွင်မူတည်၍ နှစ်ဦးနှစ်ဖက်စာဖြင့် သဘောတူညီချက်ဖြင့် သက်တမ်းတိုးဆောင်ရွက်နိုင်သည်။

၂၃။ **ဆက်သွယ်ရန်လိပ်စာများ ။** ဤသဘောတူစာချုပ်နှင့်စပ်လျဉ်း၍ အကြောင်းကြားစာနှင့် အခြားဆက်သွယ်မှုများကို စာတိုက်၊ စကားပြောကြေးနန်း၊ တယ်လက်စ်၊ ဖက်စ်၊ ကြိုးမဲ့ကြေးနန်း၊ ကြေးနန်းတို့ဖြင့် ပေးပို့သူက ကျသင့်ငွေကြိုတင်ပေးချေ၍ ပေးပို့ရမည်။ ထိုသို့ဆက်သွယ်ရာတွင် အောက်ဖော်ပြပါလိပ်စာများအတိုင်း ဆက်သွယ်ဆောင်ရွက်ရမည်။

(က) ဝယ်ယူသူ

ညွှန်ကြားရေးမှူးချုပ်၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရုံးအမှတ် (၂၇) ၊ နေပြည်တော်

ဖုန်း - ၉၅-၆၇-၄၁၀၀၄၉

ဖက်စ် - ၉၅-၆၇-၄၁၀၂၆၅

(က) ရောင်းချသူ

ဒေါ်မာလာဝင်း ၊ ဒါရိုက်တာ ၊ Common Purpose Co., Ltd

No.152, Min Gyi Mahar Min Kaung Street, Industrial Zone(4), Hlaing Thar Yar Township, Yangon

ဖုန်း - ၉၅-၁၁-၂၄၇၆၉၈ ၊ ၉၅-၁၁-၂၄၇၁၉၅

ဖက်စ် - ၉၅-၁၁-၆၈၅၁၉၉

၂၄။ **နောက်ဆက်တွဲများ**

ဤသဘောတူစာချုပ်တွင် အောက်ဖော်ပြပါ နောက်ဆက်တွဲ စာမျက်နှာများ ပူးတွဲပါရှိသည်-

နောက်ဆက်တွဲ (က) ပစ္စည်းအမျိုးအမည် ၊ အရေအတွက်၊ တစ်ခုချင်း တန်ဖိုး၊ စုစုပေါင်းတန်ဖိုး

နောက်ဆက်တွဲ (ခ) ပစ္စည်းများ၏ နည်းပညာဆိုင်ရာစံချိန်စံညွှန်းအချက်အလက်များ

ဤသဘောတူစာချုပ်ပါ နောက်ဆက်တွဲများသည် သဘောတူစာချုပ်၏တစ်စိတ်တစ်ဒေသ ဖြစ်စေရမည်။

၂၅။ **သဘောတူစာချုပ်ချုပ်ဆိုခြင်း ။** ဤသဘောတူစာချုပ်ကို ဝယ်ယူသူနှင့်ရောင်းချသူတို့ ဖတ်ရှုသိရှိနားလည်သဘောပေါက်ပြီးဖြစ်သဖြင့် သဘောတူစာချုပ်ပါ ၂၀၂၄ ခုနှစ် ၊ ဇူလိုင် လ ( ၂၉ ) ရက်နေ့တွင် အောက်ဖော်ပြပါ အသိသက်သေများရှေ့မှောက်တွင် လွတ်လပ်သောဆန္ဒ အသီးသီးဖြင့် လက်မှတ်ရေးထိုးခဲ့ကြပါသည်။

**ဝယ်ယူသူ (ကိုယ်စား)**

လက်မှတ်၊ ..............................

အမည်၊ ဦးဟိန်းထက်

ရာထူး၊ ညွှန်ကြားရေးမှူးချုပ်

ဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

**ရောင်းချသူ (ကိုယ်စား)**

လက်မှတ်၊ ..............................

အမည် ၊ U Paing Soe Lynn

ရာထူး ၊ **Director**
**Common Purpose Co., ltd.**

ဌာန ၊ ..............................

**အသိသက်သေများ**

လက်မှတ်၊ ..............................

အမည်၊ ဦးအောင်ဇော်မင်း

ရာထူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်

ဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

လက်မှတ်၊ ..............................

အမည် ၊ **Kyaw Thet Khaing**

ရာထူး ၊ **Sales Manager**
**Common Purpose Co., ltd.**

ဌာန ၊ ..............................



Scanned with CamScanner

နောက်ဆက်တွဲ(က)

## ကုန်ပစ္စည်းအမျိုးအမည် ၊ အရေအတွက် ၊ တစ်ခုချင်းတန်ဖိုး ၊ စုစုပေါင်းတန်ဖိုး

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် | တစ်ခု ဈေးနှုန်း(ကျပ်) | စုစုပေါင်း တန်ဖိုး(ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|
| | **Hydraulic Crawler Drill (HCR 910-DS)** | | | | |
| 1 | Dust Collector Filter | 2 Nos | 1,960,000 | 3,920,000 | TH |
| 2 | Rubber Seat(38) | 2 Nos | 500,000 | 1,000,000 | Pro(1), TH (1) |
| 3 | Roller | 4 Nos | 3,000,000 | 12,000,000 | Pro(3), TH (1) |
| 4 | Air Filter | 2 Nos | 1,470,000 | 2,940,000 | Pro |
| 5 | Filter Oil (Engine) | 2 Nos | 1,370,000 | 2,740,000 | Pro |
| 6 | Hydraulic Return Filter | 2 Nos | 1,600,000 | 3,200,000 | Pro |
| 7 | Hydraulic Pilot Filter | 2 Nos | 630,000 | 1,260,000 | Pro |
| 8 | Hydraulic Drifter Seal Kit | 1 Set | 8,230,000 | 8,230,000 | Pro |
| 9 | Hydraulic Filter | 1 No | 1,580,000 | 1,580,000 | Pro |
| 10 | Hose Oil (200mm) | 4 Nos | 330,000 | 1,320,000 | Pro |
| 11 | Hose Oil (800mm) | 2 Nos | 410,000 | 820,000 | Pro |
| 12 | Hose Oil (1700mm) | 1 No | 540,000 | 540,000 | Pro |
| 13 | Hose Oil (1750mm) | 1 No | 550,000 | 550,000 | Pro |
| 14 | Hose Oil (1900mm) | 3 Nos | 570,000 | 1,710,000 | Pro |
| 15 | Hose Oil (1950mm) | 1 No | 580,000 | 580,000 | Pro |
| 16 | Hose Oil (2200mm) | 3 Nos | 600,000 | 1,800,000 | Pro |

ကန့်သတ်

Scanned with CamScanner

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် | | တစ်ခုဈေးနှုန်း(ကျပ်) | စုစုပေါင်းတန်ဖိုး(ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|---|
| 17 | Hose Oil (2400mm) | 2 | Nos | 640,000 | 1,280,000 | Pro |
| 18 | Hose Oil (2600mm) | 2 | Nos | 670,000 | 1,340,000 | Pro |
| 19 | Hose Oil (2700mm) | 1 | No | 680,000 | 680,000 | Pro |
| 20 | Hose Oil (2900mm) | 2 | Nos | 710,000 | 1,420,000 | Pro |
| 21 | Hose Oil (2150mm) | 1 | No | 610,000 | 610,000 | Pro |
| 22 | Sprocket | 1 | No | 6,760,000 | 6,760,000 | Pro |
| 23 | Sprocket(Front) | 1 | No | 3,640,000 | 3,640,000 | Pro |
| 24 | Sprocket | 1 | No | 5,370,000 | 5,370,000 | Pro |
| | **စုစုပေါင်း( Commerical Tax 5 % ပါဝင်ပြီး)** | | | | **65,290,000** | |

သဘောတူစာချုပ်တန်ဖိုး - ကျပ် ၆၅,၂၉၀,၀၀၀/- (ကျပ် ခြောက်ဆယ့်ငါးသန်း နှစ်သိန်း ကိုးသောင်း တိတိ)

အကျိုးခံစားခွင့်ရှိသူ - ဒေါ်မာလာဝင်း ၊ ဒါရိုက်တာ ၊ Common Purpose Co., Ltd

ဘဏ်စာရင်းအမှတ် - CC 002991

ဘဏ်စာရင်းအမည် - Common Purpose Co., Ltd

ဘဏ်အမည် - မြန်မာ့စီးပွားရေးဘဏ် ၊ နေပြည်တော်

ကုမ္ပဏီလိပ်စာ - No.152, Min Gyi Mahar Min Kaung Street, Industrial Zone(4),Hlaing Thar Yar Township, Yangon

ငွေစာရင်းခေါင်းစဉ် - သုံ့ငွေးစီမံကိန်း ၁.၁.၄

- ဆောင်ရွက်ဆဲရေအားလျှပ်စစ်စီမံကိန်းများအတွက်ပံ့ပိုးပစ္စည်းများဝယ်ယူဖြည့်တင်းခြင်း ၂.၁.၄

ကန့်သတ်.

Scanned with CamScanner

နောက်ဆက်တွဲ(ခ)

## ပစ္စည်းများ၏ နည်းပညာဆိုင်ရာစံချိန်စံညွှန်း အချက်အလက်များ

| Sr; No. | Particular | Part No./Specification | Unit | Qty | Brand | Country of Origin | Remark |
|---|---|---|---|---|---|---|---|
| | **Air Compressor (PDS-655S)** | | | | | | |
| 1 | Dust Collector Filter | 088412-01041 | Nos | 2 | Genuine (Furukawa) | Japan | |
| 2 | Rubber Seat(38) | 083002-07011 | Nos | 2 | Genuine (Furukawa) | Japan | |
| 3 | Roller | 080102-04026 | Nos | 4 | Genuine (Furukawa) | Japan | |
| 4 | Air Filter | 925105-030100 | Nos | 2 | Genuine (Furukawa) | Japan | |
| 5 | Filter Oil (Engine) | 040112-010440 | Nos | 2 | Genuine (Furukawa) | Japan | |
| 6 | Hydraulic Return Filter | 084603-12003/084603-120130 | Nos | 2 | Genuine (Furukawa) | Japan | |

ကန့်သတ်

Scanned with CamScanner

| Sr; No. | Particular | Part No./Specification | Unit | Qty | Brand | Country of Origin | Remark |
|---|---|---|---|---|---|---|---|
| 7 | Hydraulic Pilot Filter | 084603-04016 | Nos | 2 | Genuine (Furukawa) | Japan | |
| 8 | Hydraulic Drifter Seal Kit | HD-709-99106 | Set | 1 | Genuine (Furukawa) | Japan | |
| 9 | Hydraulic Filter | P-165876/040202-03006 | No | 1 | Genuine (Furukawa) | Japan | |
| 10 | Hose Oil (200mm) | 087108-06020 | Nos | 4 | Genuine (Furukawa) | Japan | |
| 11 | Hose Oil (800mm) | 087108-06080 | Nos | 2 | Genuine (Furukawa) | Japan | |
| 12 | Hose Oil (1700mm) | 087108-06170 | No | 1 | Genuine (Furukawa) | Japan | |
| 13 | Hose Oil (1750mm) | 087108-06175 | No | 1 | Genuine (Furukawa) | Japan | |

ကန့်သတ်

Scanned with CamScanner
CamScanner

| Sr; No. | Particular | Part No./Specification | Unit | Qty | Brand | Country of Origin | Remark |
|---|---|---|---|---|---|---|---|
| 14 | Hose Oil (1900mm) | 087108-06190 | Nos | 3 | Genuine (Furukawa) | Japan | |
| 15 | Hose Oil (1950mm) | 087108-06195 | No | 1 | Genuine (Furukawa) | Japan | |
| 16 | Hose Oil (2200mm) | 087108-06220 | Nos | 3 | Genuine (Furukawa) | Japan | |
| 17 | Hose Oil (2400mm) | 087108-06240 | Nos | 2 | Genuine (Furukawa) | Japan | |
| 18 | Hose Oil (2600mm) | 087108-06260 | Nos | 2 | Genuine (Furukawa) | Japan | |
| 19 | Hose Oil (2700mm) | 087108-06270 | No | 1 | Genuine (Furukawa) | Japan | |
| 20 | Hose Oil (2900mm) | 087108-06290 | Nos | 2 | Genuine (Furukawa) | Japan | |
| 21 | Hose Oil (2150mm) | 087108-06215 | No | 1 | Genuine (Furukawa) | Japan | |

ကန့်သတ်

Scanned with CamScanner
CamScanner

| Sr; No. | Particular | Part No./Specification | Unit | Qty | Brand | Country of Origin | Remark |
|---|---|---|---|---|---|---|---|
| 22 | Sprocket | 081202-01012/083202-01012 | No | 1 | Genuine (Furukawa) | Japan | |
| 23 | Sprocket(Front) | 081900-01008 | No | 1 | Genuine (Furukawa) | Japan | |
| 24 | Sprocket | 083002-02012 | No | 1 | Genuine (Furukawa) | Japan | |

ကန့်သတ်

Scanned with CamScanner
CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အထူးကပ်တံဆိပ်ခေါင်း SPECIAL ADHESIVE ၂၀၀၀ကျပ် K 2000
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အထူးကပ်တံဆိပ်ခေါင်း SPECIAL ADHESIVE ၅၀၀ကျပ် K 500

CHID

**CONSTRUCTION, HOUSING & INFRASTRUCTURE DEVELOPMENT BANK LIMITED**

No.(5/33),Pyinmana-Taung Nyo Road,Zabuthiri Township,Naypyitaw.
067-422374,067-422236

PBG No. : 04000954

Date : 25 JUL 2024

To.

ညွှန်ကြားရေးမှူးချုပ်
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
**Department of Hydropower Implementation**

At the request of **Director,( COMMON PURPOSE CO.,LTD )**, Construction, Housing & Infrastructure Development Bank Limited do hereby agree to pay you against the Performance Bank Guarantee the sum of **MMK-6,529,000/-**(**MMK- Six Million Five Hundred Twenty Nine Thousand Only.**) being the Performance Bank Guarantee in respect of the Contract No CHID-NPT ( PBG-0350 ) **2024-2025** Contract Date ( **25.July.2024** ). This Performance Bank Guarantee will remain in force for the period of ( **One Year** ) with effect from **25.July.2024** to **24.July.2025**.

All claims or notice claims in writing hereunder shall be considered void unless submitted during the effective period.

စာချုပ်အမှတ်၊ 022(P)/DHPI/MiningSpare/2024-2025

Yours faithfully,

| | | | |
|---|---|---|---|
| Signature | ........................ 25.7.2024 | Signature | ........................ 25.7.2024 |
| Name | Daw Moe Thet Nwe | Name | Daw Ngun Nann |
| Designation | Asst; MANAGER CHID BANK NAYPYITAW BRANCH | Designation | Dy.MANAGER CHID BANK NAYPYITAW BRANCH |

MOEE065150000403 50NPT2425
Special